

# အရှင်ဝါယာမိန္ဒာဘိပါလ

## (ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယ၊ သာသနဇောတိကဓမ္မာစရိယ၊ M.A)

## ဖွားမြင်တော်မူခြင်း

အရှင်ဝါယာမိန္ဒသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ် ကုန်းသာကျေးရွာနေ ခမည်းတော် ဦးဆာလိန်၊ မယ်တော် ဒေါ်သန်းခင်တို့မှ ၁၃၄၁ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၁၂)ရက် (၁၇. ၁၀. ၁၉၇၉) ဗုဒ္ဓဟူး နေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော ညီအစ်ကိုခုနှစ်ယောက်တို့တွင် ငါးယောက်မြောက်သော သားမြတ်ရတနာ ဖြစ်ပါသည်။

## အရှတော်စွသာမဏောဘဝ

အရှင်ဝါယာမိန္ဒသည် သီပေါမြို့နယ်၊ ကုန်းသာကျေးရွာ၊ လုံယုံးကျောင်းဆရာတော် ဘဒ္ဒန္တဝိစိန္တာကို ဥပဇ္ဈာယ် ပြု၍ ပူစန်းတေဇ+နိုင်းစန်းလူမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ၁၉၉၃ ခုနှစ်တွင် မြင့်မြတ်သော ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့ပါသည်။

## တစ်ဆင့်တက်လှမ်းမြတ်ရဟန်း

အရှင်ဝါယာမိန္ဒသည် ၂၁. ၀၃. ၁၉၉၉ ခုနှစ် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ဗိုလ်တစ်ထောင်မြို့နယ် မင်္ဂလာ ရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကေသရာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ မင်္ဂလာ တောင်ညွန့်မြို့နယ်နေ ဦးသောင်းရင်+ဒေါ်တင်တင်မြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## စာသင်ခဲ့သောကျောင်းတိုက်များနှင့်စာချခဲ့ဖူးသောကျောင်းတိုက်များ

၁. ရှမ်းပြည်မြောက်ပိုင်း၊ သီပေါမြို့၊ ကုန်းသာကျေးရွာ၊ လုံယုံးကျောင်းတိုက်၊

၂. ရှမ်းပြည်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၊

၃. ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့ ၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်

၄. ရန်ကုန်၊ လှည်းကူးမြို့နယ်၊ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်၊

၅. ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မင်္ဂလာသိဒ္ဓိပရိယတ္တိစာသင်တိုက်၊

၆. ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိဝေလာပရိယတ္တိစာသင်တိုက်၊

၇. ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်။

၈. Buddhist and Pali University, Colombo , Sri Lanka.

## အောင်ပန်းဆင်ခဲ့သော အဆင့်မြင့်စာမေးပွဲများ

၁။ ၂၀၀၂ခုနှစ်၊သက်တော်(၂၂)နှစ်အရွယ်မှာ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်တွင် တစ်နှစ်တည်းဖြင့် သုံးကျမ်းလုံးကိုအောင်မြင်တော်မူခဲ့သဖြင့် အစိုးရ"သာသနဓဇဓမ္မာစရိယ"ဘွဲ့ကို ဆွတ်ခူးရရှိတော်မူခဲ့ပါသည်၊

၂။ သီရိလင်္ကာနိုင်ငံ(Buddhist Philosophy), Buddhist and Pali University, Colombo, Sri Lanka, 2007 ခုနှစ်တွင် M.A တန်းကို အောင်မြင်တော်မူသဖြင့် M.A(မဟာဝိဇ္ဇာ)ဘွဲ့ကို ဆွတ်ခူးရရှိတော်မူခဲ့ပါသည်။

၃။ ရှမ်းပြည်နယ်လုံးဆိုင်ရာ၊ ပင်လုံမြို့ အဘိပါလဓမ္မာစရိယတန်းကို ရှမ်းဘာသာဖြင့် ၂၀၀၈ ခုနှစ်တွင် အောင်မြင်တော်မူခဲ့သဖြင့် "အဘိပါလဓမ္မာစရိယ"ဘွဲ့ကို ဆွတ်ခူးရရှိတော်မူခဲ့ပါသည်။

## ကြွရောက်ခဲ့ဖူးသောနိုင်ငံများ

ထိုင်း၊ သီရိလင်္ကာ၊ ဂျပန်၊ တောင်ကိုးရီးယား၊ မလေးရှား နိုင်ငံများတွင် ကြွရောက်ခဲ့ဖူးပြီး တောင်ကိုးရီးယားနိုင်ငံ Myanmar Buddhist Center နှင့် Buddhist English Library of Seoul တွင် အင်္ဂလိပ်ဘာသာဖြင့် တရားဟောတရားပြ သာသနာပြုလုပ်ငန်းများကို ၂၀၀၈ခုနှစ်တွင် နှစ်လကျော်ကျော် ဆောင်ရွက်ခဲ့ဖူးပါသည်။

## ယခုသီတင်းရာဌာန

ယခုအခါ အရှင်ဝါယာမိန္ဒသည် ဆရာတော်ဒေါက်တာဓမ္မသာမိ (Oxford Buddha Vihara, UK)၏ အဆုံးအမဩဝါဒကိုခံယူပြီး စင်္ကာပူနိုင်ငံ အောက်စ်ဖို့ဒ် ဗုဒ္ဓဝိဟာရကျောင်းတိုက် (Oxford Buddha Vihra, Singapore)တွင် ၂၀၀၉ ခုနှစ် မေလမှစ၍ တရားဟောခြင်း၊ တရားပြခြင်း ဓမ္မနှင့်ပတ်သက်သော သင်တန်းများကို ဖွင့်လှစ်ခြင်းစသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ လောကီပညာ စိတ်ဝင်စားကြသော လူငယ်များအတွက်တို့အားလည်း ဆရာဆရာမများတို့ကိုဖိတ်ခေါ်၍ တရုတ်စကားပြောသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ IT courses သင်တန်းများတို့ကို အခမဲ့ ဓမ္မဒါနအဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

ထို့အပြင် အရှင်ဝါယာမိန္ဒသည် Uttamayanmuni Buddhist Temple, 32-B Hong San Terrace Singapore 688785 တွင် ကျောင်းထိုင်ဆရာတော် နှင့် ဒကာဒကာမများတို့၏ ပင့်လျှောက်ထားချက်ဖြင့် လစဉ် စတုတ္ထပတ်တနင်္ဂနွေနေ့တိုင်း နံနက် ၉း၄၅ မှ ၁၀း၄၅ အထိ အင်္ဂလိပ်ဘာသာဖြင့် ဒကာဒကာမများတို့အားတရားချီးမြှင့်ပေးလျက်ရှိပါသည်။

## ဆက်သွယ်ရန်

OxfordBuddhaVihara(Singapore)
36 PhoenixGarden, Singapore 668 302

**Tel:** 6689 3359 , Hp: 9611 6197

**Email:** obvsin@gmail.com , laokhur@gmail.com

**Website:** www.oxfordbuddhaviharasin.org